

ဦးနု
အကုသိုလ်၊
ပျက်အစဉ်ပြင်ခဏ
ငယ်မူလက်ရာဝတ္ထုနှစ်ပုဒ်
ဒုတိယအကြိမ်
mgyoe.com

mgyoe.com



# ဦးနု

## အကုသိုလ်၊ ပျက်အစဉ်ပြင်ဒဏာ

ငယ်မူလက်ရာဝတ္ထုနှစ်ပုဒ်

ISBN 9789997118936
UNU22
9 789997 118936
1,000.00KS

mgyoe.com

အကုသိုလ်၊ ပျက်အစဉ် ပြင်ခဏ၊ ဦးန
မျက်နှာဖုံးပန်းချီ - တော်တီဆွေ
စာမျက်နှာ ၆၀+ မျက်နှာ၊ ၁၂·၈ စင်တီ× ၁၈·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ စက်တင်ဘာလ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၂၀၁၁ လင်းလင်းစာပေ၏မူ

ရောင်းဈေး ၁ ၀ ၀ ၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

# မာတိကာ


၁။ အကုသိုလ် ၁

၂။ ပျက်အစဉ် ပြင်ခဏာ ၁၅


■

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com



# ဦးနု (၁၉၀၇- ၁၉၉၅)

လွတ်လပ်သော ပြည်ထောင်စုမြန်မာနိုင်ငံ၏ ပထမဦးဆုံးသော နိုင်ငံတော်ဝန်ကြီးချုပ်နှင့် စာရေးဆရာကြီးဦးနုကို ၁၉၀၇ ခု၊ မေလ ၂၅ ရက် နေ့တွင် ဧရာဝတီတိုင်း၊ မြောင်းမြခရိုင်၊ ဝါးခယ်မမြို့၌ အဖဦးစံလွန်း၊ အမိ ဒေါ်ခင်တို့မှ ဖွားမြင်ခဲ့သည်။ မွေးချင်းနှစ်ယောက်တွင် အကြီးဆုံးဖြစ်ပြီး ညီငယ်အမည်မှာ မောင်ဥဖြစ်သည်။

၁၉၁၄ ခုတွင် ဝါးခယ်မမြို့အစိုးရ အင်္ဂလိပ်–မြန်မာနှစ်ဘာသာ စာသင်ကျောင်းတွင် သူငယ်တန်းမှ ပဥ္စမတန်းအထိ ပညာဆည်းပူး သင်ကြားခဲ့သည်။

ထို့နောက် ၁၉၂၀ ပြည့်နှစ်၊ ရန်ကုန် တက္ကသိုလ်ကျောင်းသား သပိတ်ကြီး ပေါ်ပေါက်လာသောကြောင့် အမျိုးသားပညာရေးစနစ်နှင့် အမျိုးသားကျောင်းများ ပေါ်ပေါက်လာသောအခါ အစိုးရကျောင်းသို့ ပြန်မတက်တော့ဘဲ ဝါးခယ်မမြို့တွင် ဘုရားတန်ဆောင်းများ၌ ပထမဆုံး အစိုးရအထောက်အပံ့မယူဘဲ ဖွင့်လှစ်သော အမျိုးသားကျောင်းသို့ ဝင်ရောက်

mgyoe.com

mgyoe.com



ပြီး ဆဋ္ဌမတန်းမှစ၍ ပညာဆက်လက်ဆည်းပူးခဲ့သည်။ ဆဋ္ဌမတန်း၌ ပညာသင်ကြားနေစဉ် ဝါးခယ်မအမျိုးသားကျောင်းတွင် ဆရာ အခက်အခဲရှိနေ၍ ဆရာတစ်ဖက်၊ ကျောင်းသားတစ်ဖက် ဆောင်ရွက်ခဲ့သည်။

၁၉၂၅ ခုတွင် မြို့မ အထက်တန်းကျောင်းမှ ၁၀ တန်း အောင်မြင်၍ ရန်ကုန်တက္ကသိုလ်သို့ ဆက်လက်တက်ခဲ့သည်။

၁၉၂၉ ခုတွင် ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ (B.A) ရရှိခဲ့သည်။ တက္ကသိုလ်တွင် ပညာသင်ကြားနေစဉ်အတွင်း မြန်မာနိုင်ငံလုံးဆိုင်ရာ လူငယ်များ အစည်းအရုံးတည်ထောင်ရာတွင် ကမကထလုပ်၍ ပါဝင်ခဲ့သည်။

ထို့နောက် ဦးသန့် (နောင် ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ် ဖြစ်လာသူ)၏ တိုက်တွန်းချက်အရ ပန်းတနော်မြို့အမျိုးသား အထက်တန်းကျောင်းတွင် ကျောင်းအုပ်အဖြစ် တာဝန်ထမ်းရွက်ခဲ့သည်။

ယင်းနောက် သုံးခွမြို့ အမျိုးသားကျောင်းသို့ ပြောင်းရွှေ့၍ ကျောင်းအုပ်အဖြစ် လုပ်ကိုင်ခဲ့သည်။ ထို့နောက် ပန်းတနော်မြို့အမျိုးသားကျောင်း ကော်မတီဥက္ကဋ္ဌ ဦးအောင်ငြိမ်း၊ ဒေါ်ညီမတို့၏ သမီး မမြရီနှင့် အိမ်ထောင်ကျခဲ့သည်။ အိမ်ထောင်ကျပြီးနောက် သုံးခွအမျိုးသားကျောင်းမှ ပန်းတနော်အမျိုးသားကျောင်းသို့ ပြန်လည်၍ တာဝန်ထမ်းရွက်သည်။

၁၉၃၄ ခုတွင် ဘီအယ်လ်ခေါ် ဥပဒေတန်းတက်ရန် အတွက် ရန်ကုန်တက္ကသိုလ်သို့ ပြန်လည်ရောက်ရှိခဲ့သည်။

mgyoe.com

mgyoe.com



ရန်ကုန်တက္ကသိုလ်တွင် ဥပဒေတန်းတက်ရောက်နေစဉ် တက္ကသိုလ်သမဂ္ဂအမှုဆောင်အဖြစ် ရွေးချယ်ခံရသည်။ ထို့နောက် ၁၉၃၅ ခုတွင် ရန်ကုန်တက္ကသိုလ်ကျောင်းသား သမဂ္ဂ ဥက္ကဋ္ဌအဖြစ် ရွေးချယ်ခံရသည်။ ထိုနှစ်မှာပင် ဘီအယ်လ် (ဥပဒေ ဝိဇ္ဇာဘွဲ့) ရရှိသည်။

၁၉၃၆ ခုတွင် တက္ကသိုလ်ကျောင်းသားသပိတ်ပေါ် ပေါက်လာသောအခါ ဦးဆောင်ပါဝင် လှုပ်ရှားခဲ့သည်။ ကျွန် ပညာရေးကို အလိုမရှိဟူသောသဘောဖြင့် ဘီအေ(B.A) ဘွဲ့ကို ပြန်အပ်ခဲ့သည်။

၁၉၃၇ ခုတွင် သတင်းစာဆရာ ဦးဘစိန်၊ ဒီးဒုတ်ဦးဘချို တို့ ဖွဲ့စည်းထားသော ဖေဘီယံ နိုင်ငံရေးပါတီတွင် ဝင် ရောက်ကူညီသည်။ ထို့နောက် တို့ဗမာအစည်းအရုံးသို့ ဝင် ရောက်ခဲ့ရာ အမည် ကိုနုမှ သခင်နု ဖြစ်လာသည်။

ထိုနှစ် ၁၉၃၇ ခုမှာပင် သခင်နုနှင့် တိုးတက်သော နိုင်ငံရေးအမြင်ရှိသည့် လူငယ်များစုပေါင်း၍ အင်္ဂလန်ပြည်ရှိ လက်ဝဲစာအုပ်ကလပ်ကို အတုယူကာ ၁၉၃၇ ခု၊ နိုဝင်ဘာ ၄ ရက်နေ့တွင် နဂါးနီစာအုပ်အသင်းကြီးကို တည်ထောင်ခဲ့ သည်။ ဒီးဒုတ်ဦးဘချို ဦးစီးထုတ်ဝေလျက်ရှိသော ***ဒီးဒုတ် ဂျာနယ်*** တွင်လည်း ကမ္ဘာကျော်ရှိတ်စပီးယားပြဇာတ်များကို ၁၉၃၆ မှ ၁၉၃၈ ခုနှစ်အထိ အခန်းဆက်ရေးသားနေခဲ့သည်။ နောင် တွင် အဆိုပါပြဇာတ်များကို စုပေါင်း၍ ၁၉၅၃ ခု၊ မတ်လတွင် ***ကမ္ဘာကျော်ရှိတ်စပီးယားပြဇာတ်များ*** အမည်ဖြင့် စာအုပ်ထုတ်ဝေခဲ့သည်။ ၁၉၃၉ ခုတွင် သခင်နု သည် တရုတ်ပြည်သို့ ချစ်ကြည်ရေးသွားသော အဖွဲ့တွင်

mgyoe.com

mgyoe.com



အဖွဲ့ဝင် အဖြစ် လိုက်ပါသွားခဲ့သည်။

၁၉၄၁ ခုတွင် အင်္ဂလိပ်အစိုးရက သခင်နု အား ဖမ်းဆီး၍ ရုံးတင်စစ်ဆေးပြီး ထောင်ဒဏ် ၂ နှစ် အပြစ်ပေးခဲ့သည်။

အကျဉ်းထောင်မှ လွတ်မြောက်ခဲ့ပြီးနောက် ၁၉၄၃ ခု၊ ဩဂုတ်လ ၁ ရက် ဂျပန်ခေတ် ဒေါက်တာဘမော်အစိုးရ အဖွဲ့တွင် နိုင်ငံခြားရေးဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၄၄ ခုတွင် ပြန်ကြားရေးဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်သည်။ ထိုနှစ်မှာပင် ဖက်ဆစ်ဂျပန်ဆန့်ကျင်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့တွင် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည်။

၁၉၄၅ ခု၊ ဇန်နဝါရီလ ၂၀ ရက်တွင် ဖဆပလ လူထုညီလာခံမှ ရွေးချယ်သော ဗဟိုအမှုဆောင် ၁၀ ဦးတွင် ပါဝင်သည်။ ထို့နောက် ဖဆပလအဖွဲ့တွင် ဒုတိယဥက္ကဋ္ဌ ဖြစ်လာသည်။

၁၉၄၇ ခု၊ ဇွန်လ ၁၃ ရက်နေ့တွင် တိုင်းပြုပြည်ပြုလွှတ်တော်ဥက္ကဋ္ဌအဖြစ် တင်မြှောက်ခြင်းခံရသည်။ ထိုနှစ် ဇွန်လ ၂၃ ရက်နေ့တွင် မြန်မာ့လွတ်လပ်ရေးအတွက် ဗြိတိန်နိုင်ငံသို့ ထွက်ခွာ၍ ဇူလိုင် ၁၂ရက် နေ့တွင် ပြန်လည်ရောက်ရှိသည်။

ထို့နောက် ဗိုလ်ချုပ်အောင်ဆန်းနှင့် ခေါင်းဆောင်ကြီးများ လုပ်ကြံခံရပြီးနောက် ၁၉၄၇ ခု၊ ဇူလိုင်လ ၁၉ ရက်နေ့တွင် ယာယီအစိုးရအဖွဲ့၏ ဝန်ကြီးချုပ်ဖြစ်လာခဲ့သည်။ ဇူလိုင်လ ၂၆ ရက်နေ့တွင် တိုင်းပြုပြည်ပြု လွှတ်တော်ဥက္ကဋ္ဌအဖြစ်မှ နုတ်ထွက်ခဲ့သည်။

mgyoe.com

mgyoe.com



၁၉၄၇ ခု၊ ဩဂုတ်လ ၂၆ ရက်နေ့ ဘာသာပြန်စာပေ အသင်းကြီး တည်ထောင်ရန် ဆုံးဖြတ်ခဲ့သည်။ ၁၉၄၇ ခု၊ အောက်တိုဘာ ၁၇ ရက် နေ့တွင် အင်္ဂလန်ပြည်၊ လန်ဒန်မြို့၌ နန်းရင်းဝန် ရစ်ချက်အက်တလီနှင့် မြန်မာနိုင်ငံယာယီ အစိုးရအဖွဲ့ ဝန်ကြီးချုပ်သခင်နုကို မြန်မာနိုင်ငံ လွတ်လပ်ရေး အတွက် 'နုအက်တလီ' စာချုပ်ကို လန်ဒန်မြို့၌ သဘောတူ လက်မှတ်ရေးထိုးခဲ့သည်။

၁၉၄၈ ခု၊ ဇန်နဝါရီလ ၃ ရက်နေ့တွင် တိုင်းပြု ပြည်ပြုလွှတ်တော် အစည်းအဝေးမှ မြန်မာနိုင်ငံ၏ ပထမဆုံး ဝန်ကြီးချုပ်အမည်ထည့်သွင်း ခံရသည်။ ထို့နောက် ဇန်နဝါရီ လ ၄ ရက်နေ့တွင် လွတ်လပ်သော ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် ပေါ်ထွန်းလာခဲ့ပြီးနောက် လွတ်လပ်သော မြန်မာနိုင်ငံ၏ ပထမဆုံးသော နိုင်ငံတော်ဝန်ကြီးချုပ် ခန့် အပ်ခြင်းခံရသည်။

ထိုနှစ် ဇန်နဝါရီလ ၁၅ ရက်နေ့တွင် ဂျပ်ဆင်ကောလိပ် ကျောင်းဝင်းအတွင်း ယာယီအသင်းတိုက်၌ ဘာသာပြန် စာပေအသင်းကို ဖွင့်လှစ်ခဲ့သည်။ ထို့မှတစ်ဖန် အမှတ် ၃၆၁၊ ပြည်လမ်းပေါ်ရှိ ဆိုရန်တိုဗီလာ အဆောက်အအုံ (ယခုမြန်မာ့ စာတိုက်နှင့် ကြေးနန်းဆက်သွယ်ရေးဌာန) သို့ ပြောင်းရွှေ့ ပြီးနောက် 'စာပေဗိမာန်' ဟု အမည်ပြောင်းခဲ့သည်။

၁၉၅၁ ခုတွင် ဘာသာပြန်စာပေအသင်း အုပ်ချုပ်မှု ကောင်စီကို ဖွဲ့စည်း၍ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။

၁၉၅၃ ခု၊ ဇန်နဝါရီလ ၁၅ ရက်နေ့တွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီတော်အနီးတွင် မဟာပါသာဏလိုဏ်ဂူတော်

mgyoe.com

mgyoe.com



ကြီးကို ပန္နက်ရိုက် အုတ်မြစ်ချပေးခဲ့သည်။

၁၉၅၄ ခု၊ မေလ ၁၇ ရက်နေ့တွင် ဆဋ္ဌမသင်္ဂါယနာတင်ပွဲတော်ကို ရန်ကုန်မြို့၊ ရေကူးရပ် သီရိမင်္ဂလာကုန်းမြေရှိ မဟာပါသဏလိုဏ်ဂူတော်ကြီးတွင် ကျင်းပရာ ဥပသကာအဖွဲ့ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။

၁၉၅၆ ခု၊ ဇွန်လ ၁၂ ရက်နေ့တွင် နိုင်ငံတော်ဝန်ကြီးချုပ်ရာထူးမှ ခေတ္တနုတ်ထွက်သည်။ ထိုနှစ်မှာပင် ရန်ကုန်အရှေ့ပိုင်းခရိုင် ပါလီမန်အမတ်အဖြစ် ရွေးချယ်ခံရသည်။

၁၉၅၇ ခုတွင် ဇနီး ဒေါ်မြရီ၊ ဦးသန့်၊ ဗိုလ်မှူးလွင်၊ ဗိုလ်ကြီးပြည်စိုးတို့နှင့်အတူ ကမ္ဘာတစ်ပတ် ချစ်ကြည်ရေးခရီးလှည့်လည်ခဲ့သည်။

၁၉၅၈၊ ဇွန်လ ၉ ရက်နေ့တွင် သန့်ရှင်းဖဆပလအဖွဲ့ကို တည်ထောင်ခဲ့သည်။ ထိုနှစ် အောက်တိုဘာ ၂၈ ရက်နေ့တွင် အိမ်စောင့်အစိုးရသို့ အာဏာလွှဲပြောင်းပေးခဲ့သည်။

၁၉၆၀ ပြည့်နှစ်တွင် ရန်ကုန်အရှေ့ပိုင်းခရိုင် ပါလီမန်အမတ်အဖြစ် ထပ်မံရွေးချယ်ခံရသည်။ ၁၉၆၀ ပြည့်နှစ်၊ မတ်လ ၁၈ ရက်နေ့တွင် သန့်ရှင်းဖဆပလအဖွဲ့ကို ပြည်ထောင်စုပါတီအဖြစ် အမည်ပြောင်းခဲ့ပြီး ပါတီဥက္ကဋ္ဌ အဖြစ်တာဝန်ပေးခဲ့သည်။ ဧပြီလ ၄ ရက်နေ့တွင် ကာကွယ်ရေးဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးတာဝန်များကို စတင်ထမ်းဆောင်ခဲ့သည်။

၁၉၆၀ ပြည့်နှစ်၊ အောက်တိုဘာလ ၁ ရက်နေ့တွင် တရုတ်– မြန်မာ နယ်စပ်ကို လက်မှတ်ရေးထိုးသည်။

mgyoe.com

mgyoe.com



၁၉၆၁ ခု၊ မတ်လ ၁၄ ရက်နေ့တွင် ပါလီမန်ဥက္ကဋ္ဌ ရာထူးမှ နုတ်ထွက်ခဲ့သည်။ ၁၉၆၀ ပြည့်နှစ်မှ ၁၉၆၂ ခု၊ မတ်လ ၂ ရက်နေ့အထိ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ပထစ အဖွဲ့ဝင်အဖြစ် ထမ်းဆောင်ခဲ့သည်။ ၁၉၆၂–၆၆ ခုနှစ်အထိ ခေတ္တထိန်းသိမ်းခြင်းခံရသည်။ လွတ်မြောက်သော အခါ ရဟန်းဝတ်ပြီး မြန်မာပြည်အနှံ့ ဗုဒ္ဓဘာသာတရားတော်များ ဟောကြားခဲ့သည်။ ၁၉၆၉ ခုတွင် မိသားစုနှင့်အတူ အိန္ဒိယသို့ ထွက်ခွာသွားခဲ့သည်။

ဦးလောရုံ၊ ဗိုလ်ရန်နိုင်၊ ဗိုလ်လက်ျာတို့နှင့် ပူးပေါင်းပြီး ပါလီမန်ဒီမိုကရေစီပါတီ တည်ထောင်သည်။

ထို့နောက် သံဃာ့ဂိုဏ်းပေါင်းစုံ စုဝေးစည်းရုံးကြလျက် သာသနာတော် သန့်ရှင်းရေး၊ တည်တံ့ရေးကို ဆောင်ရွက်ကြရန် တညီတညွတ်တည်း ဆုံးဖြတ်ခဲ့သည်ကို နှစ်ထောင်းအားရသောအားဖြင့် နိုင်ငံတော်အစိုးရ၏ သဘောထားနှင့် ကြေညာချက် ထုတ်ပြန်ခဲ့ပြီး မြန်မာနိုင်ငံ လွတ်လပ်ရေးရရန် ဆင်နွှဲခဲ့သည့် ဆောင်ရွက်ခဲ့မှုများတွင် အဓိကအခန်းမှ ရှုပ်ရှုပ်ချုံချုံ ပါဝင်ခဲ့ခြင်းများကို ထောက်ထားခြင်း၊ အသိအမှတ်ပြုခြင်း၊ ဂုဏ်ပြုခြင်းအားဖြင့် ဝန်ကြီးချုပ်ဟောင်းဖြစ်သူ ဦးနုအား မြန်မာပြည်သို့ ခေတ္တဖြစ်စေ၊ အမြဲဖြစ်စေ ပြန်လာရန် နိုင်ငံတော်ကောင်စီနှင့် အာဏာပိုင်အဖွဲ့အစည်းများကိုယ်စား နိုင်ငံတော်သမ္မတက ဖိတ်ကြားမေတ္တာရပ်ခံသည်ကို တုံ့ပြန်သောအားဖြင့်လည်းကောင်း၊ ပြည်တွင်းပြည်ပ သာသနာရေး လုပ်ငန်းများကို အားသွန်ခွန်စိုက် ဆောင်ရွက်ရန်လည်းကောင်း ဦးနုနှင့် ဇနီးဒေါ်မြရီတို့သည် ရန်ကုန်မြို့သို့ ၁၉၈၀

mgyoe.com

mgyoe.com



ပြည့်နှစ်၊ ဇူလိုင်လ ၂၉ ရက်နေ့ ညနေ ၃ နာရီခွဲအချိန်တွင် ပြန်လည်ရောက်ရှိခဲ့သည်။

၁၉၈၁ ခု၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် ဦးနုအား နိုင်ငံ့ဂုဏ်ရည်ဘွဲ့ (ပထမအဆင့်) ချီးမြှင့်ခဲ့သည်။ ထို့နောက် ဗုဒ္ဓဘာသာပြန့်ပွားရေးအတွက် ပိဋကတ်ဘာသာပြန်လုပ်ငန်းကို ဦးစီး၍ ဆောင်ရွက်သည်။ ၁၉၈၈ ခုတွင် ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးအဖွဲ့(ယာယီ)ကို ဖွဲ့စည်းပြီး ခေတ်ပြိုင်အစိုးရ ဖွဲ့စည်းခဲ့သည်။

ဦးနုသည် စာရေးဆရာလည်းဖြစ်ရာ ပထမဆုံး ပုံနှိပ်စာမူဖြစ်သည့် **'အချစ်လော အမုန်းလော'** ပြဇာတ်ကို ဂူဝံမဂ္ဂဇင်းတွင် ပုံနှိပ်ဖော်ပြခြင်း ခံရသည်။

၁၉၃၆ ခု တက္ကသိုလ်ကျောင်းသားသပိတ် ပြီးသောအခါ **သပိတ်မှောက်ကျောင်းသား**အမည်ဖြင့် ဇာတ်ညွှန်းရေး၍ ဗြိတိသျှဘားမား ရုပ်ရှင်ကုမ္ပဏီက ရုပ်ရှင်အဖြစ် ရိုက်ကူးခဲ့သည်။ ထိုနှစ်မှာပဲ **ဒီးဒုတ်**ဂျာနယ်၌ ကမ္ဘာကျော် ရိုက်စပီးယားပြဇာတ်များကို ရေးသားခဲ့သည်။

၁၉၃၇ ခုနှစ်တွင် ပြဇာတ်တိုများထဲမှ ကောင်းနိုးရာရာများကို ရွေးချယ်၍ **'ခေတ်မီပြဇာတ်များ'** အမည်ပေး၍ နဂါးနီစာအုပ်အသင်းမှ ထုတ်ဝေခဲ့သည်။

ဦးနု၏ ထင်ရှားသောစာအုပ်များမှာ **ဗမာ့သတ္တိ၊ လူပေါ် လူဇော်လုပ်နည်း**(ပ၊ ဒုတွဲ) (နောင်တွင် အဆိုပါစာအုပ်များကို မိတ္တဗလင္ကိုကာ အမည်သစ်သို့ ပြောင်း၍ ထုတ်ဝေရာ ကျောင်းသုံးစာအုပ်အဖြစ် အစိုးရပညာရေးဌာနမှ ကျောင်းများတွင် သင်ကြားရန် ပြဋ္ဌာန်းခြင်းခံရသည်။)

mgyoe.com

mgyoe.com



**ဂန္ဓာလရာဇ်၊ နိုင်ငံရေးအဘိဓာန်၊** (သခင်လှဖေခေါ် ဗိုလ်လက်ျာနှင့်တွဲဖက်၍ ရေးသည်။) **နွားသိုးကြိုးပြတ်** (ပြဇာတ်)၊ **ပုထုဇနော ဥမ္မတကော** (ပြဇာတ်)၊ **ရက်စက်ပါပေ့ကွယ်**(အဆိုပါစာအုပ်ကို အင်းစိန်ထောင်အတွင်း အကျဉ်းခံနေရစဉ်က ရေးသားခဲ့သည်။ **ဦးသောင်းဒန်** (အင်းစိန်ထောင်ထဲတွင် ရေးသားခဲ့သော ယခုတိုင် ပုံမနှိပ်ရသေးချေ။) **အာဇာနည်ဆိုတာဘာလဲ၊ မာခ်ဆဖွင်း(မ်)ဆိုတာဘာလဲ၊** (ဗမာတွေ ဘာလုပ်ရမလဲ)၊ **ငါးနှစ်ရာသီဗမာပြည်** (အဆိုပါစာအုပ်ကို မြန်မာနိုင်ငံအစိုးရ အမျိုးသားစီမံကိန်းဌာန၊ အတိုင်ပင်ခံအရာရှိကြီး မစ္စတာ ဂျေအပ်ဖ်ဖာနီဗဲလ်က အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခဲ့သည်)။ **လူမွဲတို့ထွက်ရပ်လမ်း** (ပဒုတ္တွဲ)၊ **စာရိတ္တမဏ္ဍိုင်၊ လူထုအောင်သံပြဇာတ်**(အဆိုပါပြဇာတ်ကို မြန်မာနိုင်ငံရှိ စာသင်ကျောင်းများ၌ သင်ကြားရန် ပညာရေးဌာနက ပြဋ္ဌာန်းသည်။ အမေရိကန်ရုပ်ရှင် ကုမ္ပဏီတစ်ခုနှင့် ညှိနှိုင်း၍ မြန်မာနိုင်ငံဒီမိုကရေစီ ပညာပြန့်ပွားရေးအသင်းမှ ကြီးမှူး၍ ရုပ်ရှင်ရိုက်ကူးခဲ့သည်။ ထို့ပြင် အမေရိကန်ပြည်ထောင်စုတွင် ပြဇာတ်အဖြစ်လည်း စတင်ကပြခဲ့သည်။) **နိုင်ငံတော်ပန်းတိုင်** (ပဒုတ္တွဲ)၊ **ပြည်တော်သာပန်းတိုင်၊ ဓမ္မအကြောင်း၊ ငါးပါးသီလအကြောင်း၊ ငါးပါးသီလ** (မြတ်စွာဘုရား၊ သံဃာတော် ဓမ္မအကြောင်း)၊ **ဗုဒ္ဓဘာသာ အရေးတော်ပုံ၊ ဖိနှိပ်မှုတိုက်ပွဲအဆင့်ဆင့်၊ ဒီမိုကရေစီကာကွယ်ကြ** (မြန်မာ–အင်္ဂလိပ် နှစ်ဘာသာ)၊ **ရှေ့တန်းခေါင်းဆောင်ဖြစ်လိုသော်၊ အိန္ဒိယပြည်၌ ဟောပြောနေသော ဗုဒ္ဓတရား**

mgyoe.com

mgyoe.com



**တော်များ၊ ကာမတဏှာ၊ ရုပ်စုံအခြေခံသမိုင်း အတွဲ–၁** (ကမ္ဘာနှင့် သတ္တဝါအစ၊ ယဉ်ကျေးမှုအစ)၊ **ညောင်ကန်အေး ဝိပဿနာတရားတော်၊ ကျေးဇူးရှင်၊ ဓမ္မစကြာတရားတော်၊ အနတ္တလက္ခဏာသုတ်တရားတော်၊ ငရဲဆိုရှိုးနဲ့လားဗျို့၊ ကြိရတနသဗ္ဗဖေယျ မင်္ဂလာဂါထာတော်များ** တို့ဖြစ်ပြီး အင်္ဂလိပ်ဘာသာဖြင့်ရေးသားသော စာအုပ်များမှာ "Towards Peace & Democracy" "From peace to Stability" "The People win through " "Burma looks Ahead " "Burma under the Japan: Picture and Portraits" "Forward with the People" "We must Defend Democracy " "Wages of Sin" စသည်တို့ ဖြစ်သည်။ ဦးနုရေးသားခဲ့သော **တာတေစနေသား၊ ဘဝတဏှာ၊ သမုဒ္ဒယတဏှာတရားကို ရှာဖွေတွေ့ရှိသူ (ဂေါတမမြတ်စွာဘုရား)၊ ကမ္ဘာတစ်ပတ်** စာအုပ်တို့မှာ ယနေ့တိုင် မထုတ်ဝေရသေးပေ။

ထို့နောက် ၁၉၉၅ ခု၊ ဖေဖော်ဝါရီလ ၁၄ ရက်၊ အင်္ဂါနေ့နံနက် ၁၁ နာရီ ၂၅ မိနစ်တွင် ဆဋ္ဌမသင်္ဂါယနာ ပဓာနသာသနာ့ဒါယကာကြီး နိုင်ငံတော်ဝန်ကြီးချုပ်(ငြိမ်း)နှင့် စာရေးဆရာကြီးဦးနုသည် အသက် ၈၈ နှစ်အရွယ်တွင် ဇဖ ပါးရောဂါဖြင့် အမှတ် ၄၂၊ ပြည်ထောင်စုလမ်းသွယ် ဆရာစံလမ်းမကြီး၊ ဗဟန်းမြို့နယ်နေအိမ်၌ ကွယ်လွန်ခဲ့သည်။ ကွယ်လွန်ချိန်၌ သမီးဒေါ်စန်းစန်းနု(ဦးသက်တင်)၊ ဦးအောင်ရဲမြင့် + ဒေါ်မြမြအေး၊ ဦးသောင်းထိုက် + ဒေါက်တာ မေ

mgyoe.com

mgyoe.com



သဇင်သန်းထိုက်၊ ဦးအောင် + ဒေါ်ခင်စန်းနွဲ့၊ ဒေါ်သန်းသန်းနု + ဦးအောင်ငြိမ်း၊ ဒေါက်တာခင်အေးသက်တင် (ခ) ဒေါ်ခင်အေးနုတို့ ကျန်ရစ်ခဲ့သည်။ ဇနီးဒေါ်မြရီသည် ဦးနု မကွယ်လွန်မီ လွန်ခဲ့သော နှစ်နှစ်ခန့်(၁၉၉၃ ခု၊ ဖေဖော်ဝါရီလ ၇ ရက်နေ့)တွင် ကွယ်လွန်သွားခဲ့ပြီး ဖြစ်သည်။

ဦးနု၏ ကြွင်းကျန်သော ရုပ်ကလာပ်ကို ကြံတောသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ခဲ့သည်။ ၃၁.၁၂.၉၆ ရက်နေ့တွင် ကြံတောသုသာန်ဖျက်သိမ်းလိုက်သောကြောင့် မြောက်ဥက္ကလာပမြို့နယ်ရှိ ရေဝေးသုသာန်သို့ ဇနီးဖြစ်သူ ရုပ်ကလာပ်နှင့် အတူ ပြောင်းရွှေ့ဂူသွင်းထားခဲ့သည်။

❑

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# အကုသိုလ်

(အောက်ပါအမည်တို့မှာ တစ်စုံတစ်ယောက်ကို ရည်ရွယ်သည်မဟုတ်။)

အချိန်၊ နံနက် ၇ နာရီ။

နေရာ၊ လှည်းကူးမြို့ မြေပိုင်ရှင် ဦးလူဘော၏ အိမ်အတွင်းရှိ ဧည့်ခန်း။

(အစေခံဘသော်သည် သတင်းစာတစ်စောင်ကိုကိုင်လျက် အခန်းတွင်းသို့ ဝင်လာ၏။ ၎င်းနောက် သတင်းစာကို အခန်းအလယ်ရှိ စားပွဲခုံသို့ တင်ထားပြီးလျှင် အခန်းတွင်းရှိ အိမ်ထောင်ပရိဘောဂများပေါ်တွင် တင်ရှိနေသော ဖုန်တို့ကို ပွတ်တိုက်နေလေ၏။ တစ်အောင့်မျှကြာသော အခါ ဦးလူဘော ဝင်လာပြီးလျှင် ခုံပေါ်မှသတင်းစာကို ကောက်ယူ၍ အနီးရှိ ကုလားထိုင်ပေါ်တွင် ထိုင်ကာ ဖတ်နေလေ၏။)

ဦးလူဘော ။ ။ (သတင်းစာတစ်ရွက်၊ နှစ်ရွက်လောက်လှန်ပြီး တစ်စုံတစ်ခုကို စိတ်ပါသည့်မျက်နှာထားနှင့် ဖတ်နေလေ၏။)

(၎င်းနောက် မျက်မှောင်ကြုတ်ပြီးလျှင်)

'ဟာ... (၎င်းနောက် မျက်နှာမဲ့လျက် ) ဟင်... (ပိုပြီးမဲ့ပြီး) ဟင်... ဘယ့်နှာတွေလဲ၊ (တောက်ခေါက်လျက်) ငါးပါးတော့ မှောက်တော့မှာပဲ'

mgyoe.com

mgyoe.com



(ဒေါ်ထားထားသည် တဘက်ဖြူ ပခုံးတင်၍ ညောင်ရေအိုးနှစ်လုံးကို တစ်ဖက်စီကိုင်လျက် ဝင်လာလေ၏။)

ဒေါ်ဒေါ်ထား။ ။ (အံ့အားသင့်သော မျက်နှာနှင့်) ‘ဘာများသတင်းစာဖတ်ရင်း တစ်ယောက်တည်း ခက်နေတာလဲ၊ စပါးဈေးတွေ ထပ်ပြီးကျပြန်ပြီတဲ့လား’

ဦးလူဘော။ ။ ‘စပါးဈေးအကြောင်း မဟုတ်ပါဘူးကွာ၊ စပါးဈေးကတော့ တို့မြန်မာတွေထဲက အကြီးအကျယ် ဝယ်နိုင်တဲ့ သူဌေးကြီးတွေမရှိသမျှတော့ သူတို့ဈေးချချင်တိုင်း ချပြီး ဝယ်တာခံနေရမှာပဲ၊ စပါးဈေးအကြောင်းတော့ မစဉ်းစားဘူး’

ဒေါ်ဒေါ်ထား။ ။ ‘နို့... ဘာများလဲရှင့်’

ဦးလူဘော။ ။ (သတင်းစာကို ကြည့်လျက်) ‘တို့ရဲ့ ငါးထောင်စားကြီးတွေအကြောင်းပေါ့ကွ’

ဒေါ်ဒေါ်ထား။ ။ (ခပ်မဲ့မဲ့) ‘အမယ်လေးတော်... ဘာများလဲလို့၊ တကတဲ အရေးတကြီး’

ဦးလူဘော။ ။ ‘ဟာ... အရေးကြီးပါပြီလား’

ဒေါ်ဒေါ်ထား။ ။ ‘ခုထက်ထိ ဒီအကြောင်းတွေ မရိုးသေးဘူးလားလို့’

ဦးလူဘော။ ။ ‘ကဲ...ကဲ... (လက်နှင့် ဘုရားခန်းဆီသို့ ညွှန်ပြပြီး) ဘုရားပန်းသွားလဲချည်ဦးကွာ’

(ဒေါ်ဒေါ်ထားလည်း ဘုရားခန်းထဲသို့ဝင်သွားရာ အခန်းဝတန်းကို ခလုတ်တိုက်မိပြီး ဘုရားခန်းထဲသို့ လဲသွားလေ၏။ ၎င်းကိုယ်မှာ အခန်းအပြင်ဘက်တစ်ဝက်၊ အခန်းအတွင်းတစ်ဝက်ဖြစ်နေလေ၏။)

ဦးလူဘော။ ။ ‘ဟာ... (သတင်းစာကို ရုတ်တရက် ကုလားထိုင်ပေါ်တွင်ချ၍ ဒေါ်ဒေါ်ထား လဲရာသို့ ကပျာကယာ ထသွားလေ၏။

mgyoe.com

mgyoe.com



ဘသော်လည်း ဦးလူဘော၏နောက်ကနေပြီး လိုက်သွားလေ၏။ ဦးလူဘောလည်း ဒေါ်ထားကို ထူလေ၏။)

ဦးလူဘော။ ။ 'တကတဲကွာ... ခဏခဏဝင်လိုက်ထွက်လိုက်လုပ်နေရတဲ့ အခန်းတောင်မှ ခလုတ်တိုက် လဲရသေးသလားလို့၊ မှန်းစမ်း... လက်ကို ရှသွားသေးသလား' (ဒေါ်ဒေါ်ထားက လက်ဖြန့်ပြ၏။)

ဦးလူဘော။ ။ 'ခြေထောက်ရော ထိသေးသလား'

(လုံချည်ကို အသာကလေးပင့်၍ပြ၏)

ဒေါ်ဒေါ်ထား။ ။ 'ခြေထောက်တော့မထိပါဘူး၊ အားလွှန်ပြီး လက်နဲ့ထောက်ရလို့ လက်နည်းနည်းနာသွားတယ်'

(လက်နှင့်ပြ၍ မျက်နှာခပ်မဲ့မဲ့)

'ဟောဒီ ဘေးတစ်ခြမ်းကလည်း နည်းနည်းအောင့်သွားတယ်၊ ကိုလူဘော ဒီကနေ့ ကျွန်မ ဘာဖြစ်မှန်းမသိဘူး'

ဦးလူဘော။ ။ 'အို...ဘာဖြစ်ရမှာလဲကွ၊ ဂရုမစိုက်လို့ပေါ့၊ လာလေ...ဘေးထဲက အောင့်သွားရင် ထိုင်နေဦးလေ'

ဒေါ်ဒေါ်ထား။ ။ 'နေဦး... ဘုရားဝတ်ဖြည့်လိုက်ဦးမယ်၊ ဘသော်... ဟောဒီအကွဲတွေကို ကောင်းကောင်းယူပြီး အိမ်ရှေ့ သွားပစ်လိုက်စမ်း'

ဘသော်။ ။ 'ဟုတ်ကဲ့... (ဒေါ်ဒေါ်ထားလည်း ဘုရားရှိခိုးခန်းထဲသို့ ဝင်သွားလေ၏။ ဘသော်လည်း ဒေါ်ဒေါ်ထား၏ နောက်က ဝင်လိုက်သွားလေ၏။ ဦးလူဘောလည်း ၎င်းနေရာသို့ ပြန်ပြီး သတင်းစာဖတ်နေလေ၏။)

ဦးလူဘော။ ။ (သတင်းစာတစ်ကြောင်းလောက် ဆက်ဖတ်ပြီး ခေတ္တပိတ်ထား၍ ခပ်စောင်းစောင်းတွေးနေဟန်ရှိ၏။ ၎င်းနောက် ၎င်းဖတ်နေသောနေရာကို လက်ညှိုးညှပ်၍ပိတ်ပြီး သတင်းစာကို

mgyoe.com

mgyoe.com



ပိုက်ထားလျက်) 'တို့ ပိုက်ဆံရှိတဲ့ အကောင်တွေကလည်း လက်ပိုက်ပြီး ကြည့်မနေဘဲနဲ့ ထိထိရောက်ရောက် ဝင်လုပ်ကြဦးမှပဲ'

(ဒေါ်ဒေါ်ထား နာသွားသော ဘေးတစ်ဖက်ကို အသာဖိလျက် ထွက်လာလေ၏။)

ဦးလူဘော။ ။ (သရော်သောမျက်နှာနှင့်) 'ဘယ့်နှယ်ကျောင်းအမ၊ သားအတွက်မှ ဆုတောင်းခဲ့ပါစ'

ဒေါ်ဒေါ်ထား။ ။ 'ဆုတောင်းရတာပေါ့'

(ဒေါ်ဒေါ်ထားလည်း အနားတွင် လာ၍ထိုင်၏။)

ဦးလူဘော။ ။ 'အင်း... အင်္ဂလိပ်စာကို သင်တာ ကျုပ်မကြိုက်ပေမဲ့ လူကလေး ရန်ကုန်မှာ ကျောင်းသွားပြီး နေတဲ့နေ့ကစပြီး မင်း ဘုရားရှိခိုးအချိန်မှန်လွန်းလို့ ကျုပ်ဖြင့် လူကလေး အင်္ဂလိပ်စာသင်နေတာဟာ တစ်ဖက်တစ်လမ်းတော့ အကျိုးရှိမယ် ထင်တာပဲ'

ဒေါ်ဒေါ်ထား။ ။ 'ရှင်ဟာလေ ပြောမှဖြင့် ဒါမျိုးချည်းပဲ'

ဦးလူဘော။ ။ 'နို့ မဟုတ်ဘူးလားကွ၊ မင်းကရော'

(ဦးဘစိန် ဝင်လာလေ၏။)

ဦးလူဘော။ ။ 'ကြွပါ၊ ကြွပါ' (ဘသော်လည်း အခန်းထဲမှ အကွဲအရှတို့ကို အပြင်သို့ လွှင့်ပစ်ရန် ယူသွားလေ၏။)

ဦးဘစိန်။ ။ (အနီးရှိ ကုလားထိုင်တစ်လုံးပေါ်တွင် ထိုင်လျက်) 'သတင်းစာထဲက ဘာများထူးသေးသလဲဗျို့'

ဦးလူဘော။ ။ 'ဟော့... မထား၊ ဦးဘစိန် သောက်ရအောင် ကော်ဖီ ယူလာခိုင်းလိုက်ကွာ၊ (ဦးဘစိန်ဘက်သို့လှည့်၍) ခင်ဗျာ'

ဦးဘစိန်။။ 'ဒေါ်ဒေါ်... ဩော်... သတင်းစာထဲ ဘာအကြောင်း များ ထူးသေးသလဲလို့'

ဦးလူဘော။ ။ 'ငါးထောင်စားတွေနဲ့ ငါးထောင်စားလုပ်ချင်တဲ့

mgyoe.com

mgyoe.com


လူတွေ အလုပ်ရှုပ်နေကြတာပေါ့ဗျာ’

ဦးဘစိန်။ ။ ‘ဘယ့်နှယ် ဆိုစမ်းပါဦး’

ဦးလူဘော။ ။ ‘တကတဲဗျာ… ကောင်စီထဲဝင်လာဆို တစ်ဂိုဏ်းနဲ့ တစ်ဂိုဏ်း ရန်ဖြစ်ပြီး ရာထူးလုဖို့လောက် စိတ်ကူးနေကြတာပဲ’

ဦးဘစိန်။ ။ ‘ဘယ့်နှယ်ခင်ဗျား ပြောပါလိမ့်မယ်လဲ၊ ဒီရာထူးလုဖို့ ကောင်စီထဲဝင်ကြတာ၊ ရာထူးမလုရင် ဘာလုပ်ရဦးမှာလဲလို့’

(ဘသော်လည်း အကွဲအရှများ လွှင့်ပစ်ပြီး၍ အခန်းတွင်းမှ ဖြတ်ပြီးနောက် ဘေးသို့ဝင်သွားလေ၏။)

ဦးလူဘော။ ။ (အံ့အားသင့်သောမျက်နှာနှင့်) ‘ဘယ့်နှယ်ဗျ’

ဦးဘစိန်။ ။ ‘ကျုပ် တစ်ခုပြောမယ်၊ သမီး ပျက်စီးမှာစိုးလို့ ဒရဝမ်တွေနဲ့ အစောင့်ခိုင်းထားတဲ့ ခြံထဲကို ဉာဏ်များလွန်းလို့ ဘိုးဉာဏ်လို့တောင်ခေါ်ရတဲ့ အကောင်ဟာ ဝင်ချင်တော့ ငွေအိတ်တစ်ခုယူလာပြီး ဒရဝမ်တွေက ဖမ်းရအောင်အလိုက် ငွေတွေကြဲ၊ ငွေတွေကို ဒရဝမ်တွေက လုနေတုန်း အဘိုးကြီးသမီးကို တက်ပြီးလူပျိုလှည့်တဲ့ ကိန်းကို ခင်ဗျားတို့ ကျွန်တော်တို့ မြန်မာပြည်ကြီး ရောက်နေပြီ၊ ဒီကိစ္စမှာ ခင်ဗျား သေသေချာချာ စဉ်းစားစမ်း၊ ဘယ့်သူ့အပြစ်လဲဆိုတာ၊ ဘိုးဉာဏ်ရဲ့အပြစ်လည်း မဟုတ်ဘူးဗျ၊ လူပျိုဆိုတာ ရရင် လည်မှာပေါ့၊ ယောက်ျားကောင်း မောင်းမတစ်ထောင်ဆိုထားတာပဲ၊ ဒရဝမ်တွေရဲ့ အပြစ်လား၊ မဟုတ်ပေါင်၊ ဘယ်သူမဆို ငွေရရင် မယူချင်ဘဲနေပါ့မလား။ တကယ့် အပြစ်က ငွေမက်တဲ့ ဒရဝမ်တွေကို သမီးစောင့်ဖို့ငှားတဲ့ အဘိုးကြီးရဲ့ အပြစ်ဗျ၊ အစကတည်းက စိတ်ချရတဲ့ ဒရဝမ်တွေရွေးပြီး ခြံစောင့်ခိုင်း ရမယ်’

ဦးလူဘော။ ။ (ကြားဖြတ်လျက်) ‘ငွေမလိုချင်တဲ့လူရယ်လို့ ရှိပါ့မလား’

ဦးဘစိန်။ ။ ‘အိုဗျာ… မောင်တွေ အစောင့်ခိုင်းတော့ နှမပစ်ပြီး

mgyoe.com

mgyoe.com



ငွေကိုလုမတဲ့လား၊ ခင်ဖျားတို့ဘိုးညဏ် ခြံဝရပ်တာနဲ့ စွတ်လိုက်မှာပဲ'

(ဦးသာဗျော၊ ဦးဘိုးတုတ်၊ ဦးလူလှတို့ ဝင်လာကြလေ၏)

ဦးလူဘော။ ။ 'ကြွကြပါ၊ ကြွကြပါ။ (အထဲသို့) ဟော့...ဦးသာဗျော တို့လည်း လာတယ်၊ ကော်ဖီနောက်ထပ်သုံးခွက်လောက် ယူခဲ့ပါဦးဟော့'

ဦးသာဗျော။ ။ 'ဘာတွေများ တိုင်ပင်နေကြသလဲ၊ ဦးဘစိန်ရဲ့ စကားဆန်းတွေ မကြားရတာလည်း အတော်ကြာပြီ၊ အခန့်သင့်ပဲ'

ဦးလူဘော။ ။ 'ဟာ... ဦးသာဗျောတို့ ခုပဲ တစ်ချီလွတ်သွားတယ်'

ဦးဘိုးတုတ်။ ။ 'ဒါနဲ့ ဦးဘစိန်၊ အမတ်ဦးသာဂိက မြန်မာပြည်မှာ ဘုန်းကြီးတွေကို ခရီးသွားရင် အခလွတ် ဘယ်ဖြစ်ဖြစ်သွားနိုင်ဖို့ အဆိုကို သွင်းမလို့ဆို၊ ခင်ဗျား ကြားပြီလား'

ဦးဘစိန်။ ။ (ခပ်တည်တည်) 'ဒါ ကိန်းရိုးကြီးအရပေါ့ဗျာ'

ဦးဘိုးတုတ်။ ။ 'ဘာကိန်းရိုးကြီးလဲဗျ၊ ကျုပ် နားမလည်ပါဘူး'

ဦးဘစိန်။ ။ 'မသိနားမလည်တဲ့ တောသူတောင်သားတွေကို မြှောက်၊ ဘုန်းကြီးတွေနဲ့ပေါင်း၊ ရလဒ်ကား ငါးထောင်စားဖြစ်၏ ဆိုတဲ့ ကိန်းရိုးကြီးပေါ့ဗျ' (ဝါးခနဲ ရယ်ကြ၏။)

ဦးလူလှ။ ။ 'ဦးဘစိန်တို့ ပြောလိုက်မှ ရှင်းပါပေ့ဗျား'

ဦးဘစိန်။ ။'ဟုတ်တယ်လေ၊ ဒီအဆိုနိုင်ဖို့ ရှုံးဖို့ကို သူ နားမလည်ဘူးလေ၊ ဒီအဆိုသွင်းတာနဲ့ တစ်ပြိုင်နက် ဘုန်းကြီးတွေနဲ့ ပေါင်းမိရော မဟုတ်လားဗျ၊ ဒီအဆိုကို ကျုပ်စိတ်ထင်ဖြင့် အောင်တောင်မှ ဘုရင်ခံက 'ဗီတို' အာဏာနဲ့ဖျက်မှာတဲ့၊ ဦးသာဂိလည်း စားနေကြကြောင်ဖားကြီးပဲ၊ မသိဘဲနေပါ့မလား။ ဒီအဆိုကို ငါးထောင်စား နှစ်ဦးစလုံးကဖြစ်ဖြစ်၊ တစ်ယောက်ယောက်ကဖြစ်ဖြစ် ကန့်ကွက်ရမယ်မဟုတ်လား၊ အဲဒီတော့ သာသနာတော်ကြီးနဲ့ လှည့်ပြီး ပြည်သူပြည်သားတွေကို မြှောက်ပေး လိုက်ရော၊ ရလဒ်ကတော့ သူငါးထောင်စားပေါ့ဗျ' (ဟား... ဟား...

mgyoe.com

mgyoe.com



ဟား... ဟား... )

ဦးလူလှ။ ။ 'အဲ... ဦးဘစိန်လို ကျုပ်တို့ ပြည်သူပြည်သားတွေ ကွက်ကျော်မြင်တဲ့အခါကျရင် ဟုမ္မရူးနဲ့နီးပြီလို့ မှတ်လိုက်ရမှာပဲ'

ဦးဘိုးတုတ်။ ။ 'အခုလာရတဲ့ ကိစ္စကတော့...'

ဦးလူဘော။ ။ 'ဟုတ်ကဲ့... ဆိုစမ်းပါဦး'

ဦးဘိုးတုတ်။ ။ 'ခပ်တိုတိုပေါ့ဗျာ၊ ဦးလူဘောကို ရပ်ရွာရှိ လူကြီးလူကောင်းများရဲ့ သဘောတူညီချက်အရ ယခုတစ်ပတ်ရွေးကောက်ပွဲမှာ ဒီစတြိတ်ကောင်စီလူကြီးအဖြစ်နဲ့ ဝင်ပြီးလုဖို့ လာတောင်းပန်တာပါပဲ'

ဦးလူဘော။ ။ 'ခင်ဗျားတို့ တစ်ထစ်ကျော်ပြီး လာကြတာကိုး၊ ဒီလိုရွေးကောက်ပွဲဝင်ရမယ်ဆိုရင် ပထမ ဦးဘစိန်ကို ကျွန်တော်ဝင်သင့်၊ မဝင်သင့်ကို မေးပါဦး'

ဦးဘစိန်။ ။ 'ဒါကတော့ မခက်ပါဘူး၊ အခုချက်ချင်း စိတ်တွက်စာမေးပွဲ ဝင်လိုက်တာပေါ့ဗျာ'

ဦးလူဘော။ ။ 'ဘယ့်နှယ် စိတ်တွက်စာမေးပွဲလဲ'

ဦးဘစိန်။ ။ 'ပြပေါ့မယ်၊ ကိုင်း... ဦးလူဘော တစ်ဆိတ်ထလိုက်စမ်းပါ'(ကော်ဖီခွက်များကို ယူလာ၏။ ၎င်းနောက် အစေခံထွက်သွား၏။ ဒေါ်ဒေါ်ထားလည်း ဦးလူဘောနောက်တွင် ထိုင်လေ၏။)

ဦးဘစိန်။ ။ 'ကဲ... စာမေးပွဲဝင်ရအောင် ထပါဦးလေ'

ဦးလူဘော။ ။ 'ဘာမျှားလုပ်ဦးမလို့ပါလိမ့်၊ ကဲ... ကဲ... ထပါပြီဗျာ' (ဦးလူဘော ထလေ၏။)

ဒေါ်ဒေါ်ထား။ ။ 'ဘာစာမေးပွဲလဲရှင့်'

ဦးဘစိန်။ ။ 'ဒိစတြိတ်ကောင်စီ ချယ်ယာမင်လောင်း စာမေးပွဲပေါ့ဗျ၊ ကဲ... ဦးလူဘော၊ မျက်စိမှိတ်လိုက်ဗျာ၊ (ဦးလူဘောလည်း မျက်စိမှိတ်လေ၏။ အခန်းတွင်းရှိ လူအားလုံးလည်း ဦးလူဘောနှင့် ဦးဘစိန်တို့ကို

mgyoe.com

mgyoe.com



ကြည့်နေကြလေ၏။) ကဲ...လမ်းတစ်လမ်းပြင်ဖို့ တင်ဒါကို စိတ်ကူးနဲ့ ခေါ်လိုက်စမ်းဗျာ'

ဦးလူဘော။ ။ 'ခေါ်ပြီးပါပြီ'

ဦးဘစိန်။ ။ 'ကဲ... အဲဒီကန်ထရိုက်တာက သူ့'တင်ဒါ' လက်ခံဖို့ ခင်ဗျားကို ငွေတစ်ထောင်ထုတ်ပေးနေပြီ၊ သေသေချာချာကြည့်နော်'

ဦးလူဘော။ ။ 'ဟုတ်ကဲ့ မြင်ရပြီ'

ဦးဘစိန်။ ။ 'ကိုင်း... အဖြေကို တစ်ကြောင်းတည်းနဲ့ ပြီးအောင် ပြောပေတော့'

ဦးလူဘော။ ။ 'ကန်ထရိုက်တာကို မောင်းထုတ်လိုက်တယ်'

ဦးဘစိန်။ ။ 'အောင်ပြီ၊ ထိုင်' (အားလုံး လက်ခုပ်ဝိုင်းတီးကြ၏။)

ဦးလူလှ။ ။ 'ရှင်းပါပေ့ဗျာ'

ဦးသာဗျော။ ။ 'ကိုင်း... ဦးလူဘော၊ ဦးဘစိန်ကတောင် ထောက်ခံနေပါပြီ၊ ကျွန်တော်တို့ပြောတာ သဘောတူတယ်မဟုတ်လား'

ဦးလူဘော။ ။ 'စဉ်းစားသေးတာပေါ့ဗျာ'

ဦးလူလှ။ ။ 'မဟုတ်ဘူးဗျ၊ ခုက သိရမှ၊ ဒီအလုပ်က မလွယ်ဘူး၊ ကြံရဖန်ရဦးမယ်'

ဦးလူဘော။ ။ 'ခုလုပ်နေတဲ့ ချယ်ယာမင်ဦးစိုးမောင်ရောဗျ၊ ဘာဖြစ်လို့လဲ'

ဦးလူလှ။ ။ 'ကဲ... ဦးသာဗျော၊ ဦးလူဘောက မသိသေးဘဲကိုး၊ ဇာတ်စုံခင်းလိုက်ပါဦးဗျာ'

ဦးလူဘော။ ။ 'ကဲ... ကော်ဖီတွေ အေးကုန်မယ်၊ သောက်လိုက်ကြပါဦး'

(အခန်းတွင်းရှိ လူများလည်း မိမိတို့သောက်တတ်သလို သောက်လိုက်၊ ချလိုက်နှင့် စကားပြောသည်ကို နားထောင်ရင်း ထိုင်

mgyoe.com

mgyoe.com



နေကြလေ၏။)

ဦးသာဖျော။ ။ (ကော်ဖီတစ်ကျိုက်သောက်ပြီး ချထားပြီးနောက်) 'ဒီလိုဗျ၊ ကျွန်တော်တို့ ဒီစတြိတ်ကောင်စီက ဘယ်လိုဖြစ်နေသလဲဆိုရင် ကျိုတ်ဝိုင်းကြီးက သိပ်ကြီးနေတယ်၊ ကျိုတ်ပြီး စားနေတဲ့ဝိုင်းကြီး ဆိုပါ တော့ဗျာ၊ ဒီကျိုတ်ဝိုင်းကြီးရဲ့ ဥက္ကဋ္ဌက ကောင်စီရဲ့ စက္ကရီတေရီ၊ ကျန် တဲ့ရာထူးတွေကိုတော့ ဒီကောင်စီမှာလုပ်နေတဲ့ လုပ်သားတွေထဲက ယူကြ တယ်ဆိုပါတော့။ ဈေးလေလံတို့၊ သားသတ်ရုံလေလံတို့၊ လမ်းကန် ထရိုက်တို့က ရတဲ့ ငွေတွေကို ဒီကြိတ်ဝိုင်းရဲ့ ဥက္ကဋ္ဌနဲ့ လက်အောက်အမှု ဆောင်တွေကို ဝေယူပြီး ငွေပိုငွေလျှံကို ဝိုင်းရန်ပုံငွေအဖြစ်နဲ့ သိမ်းထား ရော၊ ရွေးကောက်ပွဲကျရင် ဝိုင်းတော်သားတွေ ပြောသမျှကို လက်ထောင် မယ့်၊ ခေါင်းညိတ်မယ့်၊ ပုတ်သင်ညိုတွေကိုရှာပြီး ဒီလူတွေ အရွေးမခံရ ခံရအောင် ခုတင်ကပြောခဲ့တဲ့ ဝိုင်းရန်ပုံငွေနဲ့ မဲတွေ ဝယ်လိုဝယ်၊ အကျွေးအမွေးတွေ ကျွေးမွေး၊ အမျိုးမျိုးနည်းတွေနဲ့ ကြံကြတာပေါ့ဗျာ။ အဆုံးသတ်တော့ ငွေရှိ အောင်တယ်ဆိုတဲ့စကားလို ဒီပုတ်သင်ညိုတွေ အရွေးခံရရော ဆိုပါတော့၊ အဲ့ဒီတော့မှ ခပ်ရှင်းရှင်းပြောတော့ ကောင်စီထဲ မှာ ဝိုင်းတော်သားများ ခြယ်လှယ်ချင်သလို ခြယ်လှယ်ကြတာကိုး၊ ဒီတော့ ကျွန်တော်တို့ကောင်စီဥက္ကဋ္ဌ ဦးစိုးမောင်လည်း ကျိုတ်ဝိုင်းရဲ့ စက်မိနေလို့ ပါးစပ်ထဲ အာစေးထည့်ထားသလိုဖြစ်နေတာပဲ'

ဒေါ်ဒေါ်ထား။ ။ 'တကတဲရှင်... မဟုတ်တာ၊ ဦးစိုးမောင်ဟာ သူငယ်နှပ်စားမှ မဟုတ်ဘဲ၊ ဒီလူတွေ ကြိုးဆွဲတာအလကားသက်သက် ခံပါ့မလား'

ဦးသာဖျော။ ။ 'ဟုတ်ကဲ့ အလကားသက်သက်တော့ ဘယ်ခံမလဲ၊ သူလည်း အရိုးအရင်းလေးနည်းနည်းတော့ ကိုက်ရမှာပေါ့၊ နောက်ပြီး ကျိုတ်တတ်ရင် ခရီးစရိတ်ဆိုတာ အလကားနေရင်း အချောင်ရနေတာ၊

mgyoe.com

mgyoe.com


နယ်က ကိုယ်စားလှယ်တွေလည်း ခရီးစရိတ်နဲ့ ပွနေတာပေါ့ မထားရဲ့၊ ဒါတွေကြောင့် ဒီဝိုင်းကြီးရဲ့စက်ကွင်းက သင်းတို့ မလွတ်နိုင်ကြတာပေါ့'

ဦးလူလှ။ ။ 'အဲဒီတော့ ခပ်တိုတိုပဲ ပြောတော့မယ်ဗျာ၊ ဦးလူဘေဟာ အင်္ဂလိပ်စာလည်း တတ်တယ်၊ ရိုးသားဖြောင့်မတ်တဲ့ဂုဏ်လည်း ရှိတယ်၊ ပစ္စည်းအင်္ဂါနဲ့လည်း ပြည့်စုံတယ်ဆိုတော့ ဒီကျိတ်ဝိုင်းရဲ့ စက်ကွင်းကဖြင့် လွတ်နိုင်လောက်ရဲ့အောက်မေ့ပြီး လာတောင်းပန်ရခြင်းပါပဲ'

ဦးလူဘေ။ ။ 'ဟုတ်ကဲ့၊ ကျွန်တော်လည်း ဒီအကြောင်းတွေကို ကြားသင့်သလောက်တော့ ကြားပါရဲ့၊ နို့... နေပါဦး၊ ကိုဘသန်းကလည်း ဦးသာဇံအတွက် ကြိုးစားမယ်လို့ ကြားပါလား'

ဦးလူလှ။ ။ (ဒေါသနှင့်) 'ဟာ... အလကားပါဗျာ၊ ကိုဘသန်းအကြံက ဦးသာဇံကို ချယ်ယာမင်တင်၊ သူကကန်ထရိုက်အလုပ်လုပ်ပြီး တစ်နည်း စားပေါက်ဝိုင်းတစ်ဝိုင်း ထွင်မလို့ပါဗျာ'

ဦးဘိုးတုတ်။ ။ 'ကျားကြောက်လို့ ရှင်ကြီးကိုး၊ ရှင်ကြီးကျားထက် ဆိုးနေမှာပေါ့'

ဦးလူလှ။ ။ 'အလကားပါဗျာ၊ ဒီလူတွေလှည့်တာခံနေသမျှ တိုင်းသူပြည်သားတွေ နစ်နာတာပေါ့၊ တိုင်းသူပြည်သားတွေဆိုတာ ခင်ဗျားတို့ ကျွန်တော်တို့ပဲ မဟုတ်လားလို့'

ဦးလူဘေ။ ။ 'ဟုတ်ပါတယ်၊ ဟုတ်ပါတယ်၊ ကျွန်တော်တစ်ခု အစီအရင်ခံပါရစေဦး၊ ခု ဒီစတြိတ်ကောင်စီတို့၊ မြူနီစီပယ်တို့၊ ဥပဒေပြုလွှတ်တော် စသည်တို့ဟာလည်း ခင်ဗျားတို့လည်း ကြားဖူးမှာပါပဲ၊ ဒီမိုကရေစီဆိုတဲ့ စနစ်အရ ဖွဲ့စည်းထားတဲ့ အဖွဲ့တွေပဲ။

'ဒီမိုကရေစီဆိုတာ ကျွန်တော် သိရသလောက်မှာဖြင့် အနောက်နိုင်ငံများက ယူရတဲ့စနစ်ပဲ၊ ဒီတော့ အနောက်နိုင်ငံမှာ အထမြောက်တဲ့စနစ်

mgyoe.com

mgyoe.com


ဟာ အရှေ့နိုင်ငံမှာ အထမြောက်ချင်မှ မြောက်မယ်၊ ဥပမာ အနောက်နိုင်ငံတွေမှာ ချမ်းလွန်းလို့ ဘောင်းဘီတွေ၊ ကုတ်အင်္ကျီတွေ ဝတ်ရတဲ့စနစ်ဟာ အရှေ့ဘက်နိုင်ငံမှာ ယူပြီးဝတ်တဲ့အခါကျတော့ အနေရခက် အထိုင်ရခက်နဲ့ ခွကျတတတဖြစ်နေတာမျိုးလိုပေါ့ဗျာ။

'အဲဒီတော့ ဒီမိုကရေစီအရ အုပ်စိုးတဲ့စနစ်ဟာ ကျွန်တော်တို့ မြန်မာပြည်နဲ့ တော် မတော် စဉ်းစားဖို့ရှိတယ်ဗျာ၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ မြန်မာလူမျိုးတွေဟာ တာဝန်ခံချင်တဲ့စိတ်မရှိဘူး၊ ရွေးကောက်ပွဲကျရင် ထင်ရာလူ ရွေးကောက်တင်မြှောက်လိုက်ကြတာပဲ၊ ခုတင်က ဦးဘစိန် ပြောသလိုပေါ့၊ နောက်ပြီး သူတို့ရွေးလိုက်တဲ့လူတွေဟာ ကျကျနန အလုပ်လုပ်သလား မလုပ်ဘူးလားဆိုတာကိုလည်း ဂရုစိုက်မကြည့်ဘူး၊ ဒါကြောင့် ဒီလူတွေဟာ အရွေးကောက်ခံရပြီဆိုမှဖြင့် အပေါ်ကနေပြီး ထင်ရာလုပ်နေကြတာပဲ။

'ဒီမိုကရေစီဟာ မီးပဲ၊ ဒီမီးနဲ့ ကိုယ် တစ်နေ့ပြန်လောင်မှာပဲ၊ ဒါကြောင့် ဂျာမနီတို့၊ အီတလီတို့မှာ မီးမှန်းသိတာနဲ့ တစ်ပြိုင်နက် ငြိမ်းသတ်ပြီး စနစ်သစ်ထွင်နေပါပကော'

ဦးဘစိန်။ ။ 'ဒီအရှည်တွေ လျှောက်လိုက်မနေပါနဲ့ဗျာ၊ ခင်ဗျားနိဗ္ဗာန်ရောက်ရင် ကောင်းတယ်ဆိုတာ သိတယ်၊ သို့ပေမဲ့ ခုချက်ချင်းသွားနိုင်သလား၊ အဲ... မသွားနိုင်သေးတဲ့အခါ ကောင်းမှန်းသိရက်နဲ့ ခဏချိတ်ထားပြီး ခုလောလောဆယ်ချမ်းသာဖို့ အလုပ်လုပ်ရတယ် မဟုတ်လား။ ဒီလိုပေါ့ဗျာ၊ ခင်ဗျား ပြောတာတွေကောင်းပါတယ်၊ သို့ပေမဲ့ ခဏ ချိတ်ထားစမ်းပါဦး၊ ခုလောလောဆယ် ကျိတ်ဝိုင်းကြီးဘေးက ခင်ဗျားတို့ ကျွန်တော်တို့ လွတ်အောင်လုပ်စမ်းပါဦး'

(ဆပ်အင်စပက်တော်တစ်ယောက်နှင့် ပုလိပ်သားနှစ်ယောက် အခန်းထဲသို့ ဝင်လာ၏။ အိမ်ခန်းတွင်းရှိ လူများလည်း ၎င်းတို့အား

mgyoe.com

mgyoe.com



အံ့အားသင့်လျက် စိုက်ကြည့်နေကြလေ၏။)

ဦးလူဘော။ ။ (ထ၍ ခရီးဦးကြိုပြုလျက်) 'ဆိုစမ်းပါဦး၊ အကြောင်းများထူးသလား'

ဆပ်အင်စပက်တော်။ ။ 'ဟုတ်ကဲ့' (ဆိုပြီး အခန်းတွင်းရှိ ဧည့်သည်တို့အား အပြန်အလှန် ကြည့်လေ၏။)

ဦးလူဘော။ ။ 'သြော်... သြော်... ကျုပ်နဲ့ချည်း ပြောစရာရှိလို့ ထင်ပါရဲ့၊ ( ဆပ်အင်စပက်တော်လည်း ငြိမ်ငြိမ်နေ၏။) ကဲ... ဦးဘစိန်တို့၊ ဦးလူလှတို့၊ ဦးဘိုးတုတ်တို့ ခေတ္တပြန်ဦးဗျာ၊ စကားလည်း ပြောလို့ကောင်းပါရဲ့၊ သို့ပေမဲ့ ဟောဒီက တိတ်တဆိတ် တီးတိုးပြောစရာ ရှိလို့ထင်ပါရဲ့'

(ဧည့်သည်များလည်း ထပြီးပြန်ကြလေ၏။)

ဦးလူလှ။ ။ (အပေါက်ဝမှနေ၍) 'ကျွန်တော်တို့ ပြောတာလည်း စဉ်းစားပါဦးနော်'

ဦးလူဘော။ ။ 'ဟုတ်ကဲ့ အချိန်တွေ အများကြီးရှိပါသေးတယ်၊ (အားလုံး ထွက်သွားကြသောအခါ ဆပ်အင်စပက်တော်ဘက်သို့လှည့်၍ ကုလားထိုင်တစ်လုံးသို့ ထိုင်ရန် လက်ညွှန်ပြ၍) ကိုင်း... ဘာများတုံး လုပ်စမ်းဗျာ၊ မြန်မြန်ထက်ထက်သိရရင် ကောင်းတာပါပဲ၊ (ဒေါ်ဒေါ်ထားလည်း ဆပ်အင်စပက်တော်နှင့် ပုလိပ်တို့ကို အပြန်အလှန် အံ့အားသင့်စွာဖြင့် ကြည့်နေလေ၏။)

ဆပ်အင်စပက်တော်။ ။ 'ဦး ဘာမှုမကြားသေးဘူးလား'

ဦးလူဘော။ ။ (အံ့အားသင့်သောမျက်နှာဖြင့်) 'မကြားသေးပါဘူး၊ ဘာများလဲ' (ဒေါ်ဒေါ်ထားလည်း ပိုမိုအံ့အားသင့်လျက် ဆပ်အင်စပက်တော်၏ မျက်နှာကို ကြည့်နေ၏။)

ဆပ်အင်စပက်တော်။ ။ (စားပွဲခုံဆီသို့ လှမ်းကြည့်ရာ သတင်းစာ

mgyoe.com

mgyoe.com



ကို တွေ့ရ၏။) 'ဟိုခုံပေါ်ကဟာ ကနေ့သတင်းစာမဟုတ်လား'

ဦးလူဘော။ ။ 'ကနေ့ဟာပဲ' (ဆပ်အင်စပက်တော်လည်း သတင်းစာကို သွားယူပြီး ဦးလူဘောအနီးတွင် ရပ်လျက်။)

ဆပ်အင်စပက်တော်။ ။ 'အကုန်မဖတ်ရသေးဘူးမှတ်တယ်'

ဦးလူဘော။ ။ 'ဖတ်နေတုန်း ဧည့်သည်တွေ လာတာနဲ့ စကားကောင်းနေလို့'

ဆပ်အင်စပက်တော်။ ။ (သတင်းစာကိုလှန်ရင်း နောက်ဆုံးနားဆီ၌ လိုချင်သောအရာကို တွေ့ရာ သတင်းစာကိုချိုး၍ ဦးလူဘောအားပေးပြီးလျှင် ၎င်းမှာကား အနီး၌ရပ်လျက်ရှိလေ၏။ စာဖတ်၍ တစ်အောင့်မျှကြာသောအခါ ဦးလူဘောလည်း အလွန်အံ့အားသင့်သောကြောင့် 'ဟာ...'ဟူ၍ ပါးစပ်မှ ယောင်ထွက်သွားလေ၏။)

ဒေါ်ဒေါ်ထား။ ။ (ဦးလူဘောကို ကြည့်လျက် မိမိပါ အံ့အားသင့်ပြီးလျှင်) 'ဘာလဲ'

ဦးလူဘော။ ။ 'ကျောင်းမှာ လူကလေးက ကျောင်းသားတစ်ယောက်ကို ခက်ရင်းနဲ့ထိုးတာ ခု ဒီကျောင်းသား သေမလား၊ ရှင်မလား မသိသေးဘူးတဲ့'

ဒေါ်ဒေါ်ထား။ ။ (ရင်ဘတ်ကို လက်တစ်ဖက်ဖြင့်ဖိလျက်) 'ဘုရားရေ... ဖြစ်မှဖြစ်ရလေ၊ (ငိုသံပါပါနှင့်) ကိုလူဘောရယ်၊ သေသေချာချာဖတ်စမ်းပါဦး၊ ဘယ်ထိုးမိလို့ သေမလား ရှင်မလား မသိတာလဲ'

ဦးလူဘော။ ။ (သတင်းစာကို ဒေါ်ဒေါ်ထားကြားအောင်ကျယ်ကျယ်ဖတ်၏)

mgyoe.com

mgyoe.com



## ယူနီဗာစီတီကောလိပ်
## ထမင်းစားရုံ၌ အချင်းဖြစ်ပွားခြင်း

ဒုတိယဝါဆိုလပြည့်ကျော် ၆ ရက်၊ အင်္ဂါနေ့ည ၇ နာရီ အချိန်လောက်တွင် အထက်ပါထမင်းစားရုံအတွင်း၌ အတော်ပင် ဆူဆူညံညံဖြစ်သွားကြောင်း၊ ၎င်း၏အကြောင်းရင်းမှာကား မောင်ဝင်းမောင်ဆိုသူနှင့် မောင်တင်ဆိုသူ ကျောင်းသား ၂ ယောက်စကားများရာမှ မောင်ဝင်းမောင်က လက်ထဲတွင်ကိုင်ထားသော ခက်ရင်းနှင့် တအားကုန်ထိုးလိုက်ရာ မောင်တင်၏ လည်မျိုကိုစိုက်မိသဖြင့် မောင်တင်မှာ ထိုနေရာ၌ လဲကျသွားပြီး သတိလစ်နေကြောင်း၊ ၎င်းကို ၎င်း၏အဖော်များက ကျောင်းဝင်းအတွင်းရှိ ကျောင်းဆေးရုံသို့ပို့ရာ ဒဏ်ရာကြီးသဖြင့် ကျောင်းဆေးရုံဆရာဝန်က ရန်ကုန်ဆေးရုံကြီးသို့ ပို့လိုက်ကြောင်း၊ ယခု သတင်းရသည့်အချိန်အထိ မောင်တင်မှာ သတိမရသေးကြောင်း။

မောင်ဝင်းမောင်ဆိုသူမှာ ဘီအေ အထက်တန်းကျောင်းသား ဖြစ်၍ လှည်းကူးရွာ၊ မြေပိုင်ရှင် ဦးလူဘော ဒေါ်ထားထားတို့၏ တစ်ဦးတည်းသောသားဖြစ်ကြောင်း၊ ယခု သတင်းရသည့်အချိန်အထိ ၎င်းကို ရှာမတွေ့သေးကြောင်း။

(တိုးတက်ရေးမဂ္ဂဇင်း၊
၁၉၃၄ အောက်တိုဘာထုတ်မှ
တူးယူဖော်ပြပါသည်။)

❑

mgyoe.com

mgyoe.com

## ပျက်အစဉ် ပြင်ခဏာ

### အခန်း [ ၁ ]

အချိန်သည် ဒုတိယကမ္ဘာစစ်ကြီးမဖြစ်ပွားမီက ဖြစ်သည်။

ကံလှရွာသူကြီး ဦးအောင်ဘသည် အလွန်မသာမယာမျက်နှာဖြင့် ရွာ၏တောင်ဘက်မှ ၎င်း၏အိမ်ဆီသို့ လျှောက်လာလျက်ရှိသည်။ ဦးအောင်ဘသည် သူ၏ခြံထဲသို့ ဝင်မိသည်နှင့် တစ်ပြိုင်နက် အိမ်ပေါ်သို့ မတက်ရသေးမီ 'မေယ်ရေ...၊ စိန်ပွင့်ရဲ့သား လေးတစ်ယောက်တော့ဖြင့် သေပြန်ပဟေ့' အိမ်ထဲရှိ ၎င်း၏ဇနီးသည် ဒေါ်မေယ်ကို အော်ပြီးပြော လိုက်လေသည်။

ဒေါ်မေယ် (အလွန်ပူဆွေးသောမျက်နှာဖြင့်) 'စိန်ပွင့်တော့ ရင်ကျိုး ရောပေါ့တော်၊ မနှစ်ကပဲ သူ့လင် ကပ်တိုက်သွားတယ်။ ဒီနှစ် သားကြီး ချမ်းမြကို ကပ်တိုက်တာ ရက်တောင်မလည်သေးဘူး၊ အခု သားငယ် လေးပါသွားပြန်ပြီ၊ သူ့မှာ ဒီနှစ်ယောက်ပဲ အားကိုးဖို့ရှိတာ၊ အခုလို ဆိုတော့ လက်နှစ်ဖက်စလုံး ပြုတ်သလို ဖြစ်သွားတာပေါ့'

ဦးအောင်ဘ။ ။ 'ဆရာတော် ဦးပဏ္ဍိတလည်း အတော်ပဲ အလူး အလဲဖြစ်နေပြီ၊ ငါ အခုပဲ သူ့ကျောင်း ဝင်ခဲ့သေးတယ်'

mgyoe.com